ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီး Coronavirus Disease 2019 (COVID-19)

ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ

စာအမှတ်၊ ၂/ ၄-၇/ ၃ ဦး၆ ( ၁၁၇၉ )

ရက်စွဲ ၂၀၂၀ပြည့်နှစ်၊ ဧပြီ လ ၂၁ ရက်

သို့

တိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူး

မန္တလေးတိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ခရိုင် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ (အားလုံး)၊ မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ **မန္တလေးတိုင်းဒေသကြီးပြင်ပမှ ပြန်လည်ရောက်ရှိလာသူများကို Facility Quarantine ထားရှိရေးကိစ္စ**

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လျှက်ရှိသော နိုင်ငံသားများအနေဖြင့် ပြည်ပနိုင်ငံများမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၎င်းတို့၏ဇာတိ (သို့မဟုတ်) ဇနီး၊ ခင်ပွန်းမိသားစုများနေထိုင်ရာ ရပ်ကွက်ကျေးရွာများသို့ ပြန်လည်ရောက်ရှိပါက ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ထားသောနေရာများတွင် Community Based Facility Quarantine (၂၁)ရက် ခံယူပြီး မိမိနေအိမ်တွင် Home Quarantine (၇) ရက်ခံယူရမည်ဖြစ်ကြောင်း ညွှန်ကြားဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့သော် မန္တလေးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအတွင်းရှိအခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် COVID-19 ပိုးတွေ့ရှိသူ (၁၁၉)ဦးတွေ့ရှိလာရသဖြင့် ထပ်မံ၍ရောဂါကူးစက်မှု မဖြစ်ပွားစေရေးဆောင်ရွက်ရန် လိုအပ်လာပါသည်။ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးပြင်ပမှ ပြန်လည်ရောက်ရှိလာသူများကို Facility Quarantine ထားရှိရေးကိစ္စနှင့်ပတ်သက်၍ အောက်ပါအချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်-

(က) မန္တလေးတိုင်းဒေသကြီးပြင်ပ ရောဂါပိုးတွေ့ရှိမှုများသည့်ဒေသတွင် သွားရောက် နေထိုင်ခဲ့ပြီး ပြန်လည်ရောက်ရှိသူများဖြစ်ပါက Facility Quarantine (၂၁)ရက်နှင့် Home Quarantine (၇)ရက် ဆောင်ရွက်သွားရန်၊

(ခ) ရောဂါပိုးတွေ့ရှိခြင်းမရှိသည့်ဒေသတွင် သွားရောက်နေထိုင်ခဲ့ပြီး ပြန်လာသူဖြစ်ပါက တာဝန်ရှိသူများ၏ စစ်ဆေးမှုခံယူပြီး လိုအပ်မှသာ Facility Quarantine (၂၁)ရက်နှင့် Home Quarantine (၇)ရက် ဆောင်ရွက်သွားရန်၊

(ဂ) မိသားစုအလိုက် ပြန်လည်ရောက်ရှိလာသူဖြစ်ပါက နေအိမ်အလွတ်တွင် (သို့မဟုတ်) သီးသန့်နေရာတစ်ခုခုတွင် မိသားစုအလိုက် Quarantine ပြုလုပ်လိုပါက သတ်မှတ်ရက်အတိုင်း ပြုလုပ်ခွင့်ပြုရန်၊

(ဃ) Hotel Quarantine ပြုလုပ်လိုပါက ခွင့်ပြုပေးရန်၊

(င) မိသားစုလိုက်မဟုတ်ဘဲ တစ်ဦးချင်းပြန်လာခြင်းဖြစ်ပါက သတ်မှတ်နေရာတွင် Facility Quarantine ခံယူရန်။

ဥက္ကဋ္ဌ ( )

(မြင့်လွင်၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသကြီး Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ

လှည့်လည်စာတွဲ

လက်ခံစာတွဲ